ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၁၁၂)

နေ့စွဲ – ၁၇. ၆. ၂၀၁၂

## ပရီမီလေးနီးယမ်းဝါဒနှင့် ဒစ်စပင်ဆေးရှင်းဝါဒတို့အားနှိုင်းယှဉ်လေ့လာခြင်းအကြောင်း

(Premillennialism and Dispensationalism Compared)

တိကျစွာပြောရလျှင် ပရီမီလေးနီးယမ်းဝါဒနှင့် ဒစ်စပင်ဆေးရှင်းဝါဒတို့သည် တအုပ်စုတည်းဖြစ်ကြပါသည်။ နှစ်ဖွဲ့စလုံးက ခရစ်တော်သည် ကိုယ်တိုင်ကိုယ်ကျ မြင်ရလျက်၊ နှစ်ပေါင်းတထောင်ကာလမတိုင်မှီ ပြန်လာမည်ဟု သင်ကြပါသည်။ ထိုအုပ်စုနှစ်ခု ၏သွန်သင်ခြင်းများတွင် တူညီသောအရာများ အတော်များပါသည်။ နှစ်စုလုံးက နှစ်တထောင်ကာလသည် တကယ့်နှစ်တထောင် ကြာမည်ဟုသွန်သင်ကြသည်။ နှစ်စုလုံးက ထိုနှစ်တထောင်ကာလသည် အနာဂတ်တွင်သာရောက်လာမည်ဟု သင်ကြသည်။ နှစ်စုစ လုံးက ခရစ်တော်၏နှစ်တထောင်ကာလအုပ်စိုးခြင်းသည် မြေကြီးပေါ်တွင်ဖြစ်မည်၊ အစ္စရေးနိုင်ငံဂျေရုရှလင်မြို့ကိုဗဟိုပြုမည်၊ ထို နေရာတွင် ခရစ်တော်သည် ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရလျှက် နန်းထိုင်မည်ဟုပြောကြသည်။ နှစ်အုပ်စုလုံးက အာဗြဟံနှင့်ထံနှင့်အစ္စရေး တိုင်းပြည်ထံ ဘုရားသခင်ကပေးထားခဲ့သည့် နိုင်ငံ(နယ်မြေ)နှင့်ဆိုင်သော ကတိတော်များသည် အနာဂတ်တွင်၊ မြေကြီးပေါ်တွင်၊ ထိုနိုင်ငံ၌တကယ်ပြည့်စုံမည်ဟု ပြောကြပါသည်။ နှစ်ဖွဲ့လုံးက ကျမ်းစာတွင် “အစ္စရေး”ဆိုသောစကားလုံးက အာဗြဟံ၏အသွေးအ သားနှင့်ဆိုင်သောမျိုးနွယ်စုများဖြစ်သည့် ဂျူးများကိုသာ ရည်ညွှန်းသည်ဟု သင်ကြသည်။ နှစ်အုပ်စုလုံးက တကြိမ်ထက်မကသော သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းရှိသည်၊ တကြိမ်ထက်မကသော တရားစီရင်ခြင်းရှိသည်ဟု သင်ကြပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ပရီမီလေးနီးယမ်းနှင့်ဒစ်စပင်ဆေးရှင်းဝါဒတို့အကြားတွင် အရေးကြီးသောခြားနားမှုများလည်း ရှိနေကြပါသည်။ ဒစ်စပင်ဆေးရှင်းဝါဒက နှစ်တထောင်နိုင်ငံတော်မစမှီ ခရစ်တော်နှစ်ခါပြန်လာမည်ဟု သင်ကြပါသည်။ အမည်အားဖြင့်ပြောရလျှင်၊– ရပ်ချာ(ချီဆောင်ခြင်း)နှင့်ဒုတိယအကြိမ်ပြန်လာခြင်း(ယုံကြည်သူများနှင့်အတူပြန်လာခြင်း)တို့ဖြစ်သည်။ ထို့အပြင် ဒစ်စပင်ဆေးရှင်းဝါဒက တိတ်တဆိတ်၊ အချိန်မရွေးရောက်လာနိုင်သော ချီဆောင်သိမ်းစည်ခြင်း(ရပ်ချာ)သည် ဘေးဒဏ်ကြီးကာလ မစခင်တွင်ဖြစ်ပျက်မည်ဟု သင်ပါသည်။ အသင်းတော်သည် ဘေးဒဏ်ကြီးကာလကို မဖြတ်သွားရပါ၊ ခရစ်တော်နှင့်အတူရှိနေမည်ဟု သင်ပါသည်။

ဒစ်စပင်ဆေးရှင်းဝါဒက ခမ္မသစ်အသင်းတော်သည် သမိုင်းကြောင်း၏ “ကြားကာလညှပ်ထည့်သောအဖြစ်အပျက်” (parenthesis) ဟုသင်ပါသည်။ ဂျူးလူမျိုးတို့သာ ဘုရားသခင်၏နိုင်ငံတော်သားများဖြစ်ကြသည်ဟု သင်ကြသည်။ ထို့အတူ ခရစ်တော်၏ နှစ်တထောင်ကာလ နိုင်ငံတော်သည်လည်း၊ ဂျူးလူမျိုးတို့အဓိကဖြစ်သော နိုင်ငံဖြစ်မည်ဟု သင်ကြပါသည်။ ဆိုလိုသည်မှာ ဂျူးလူမျိုးတို့သာ နိုင်ငံသားများဖြစ်ကြမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့အပြင် ခရစ်တော်၏ပြန်လာခြင်းနှစ်ခုကြားတွင် သန့်ရှင်းသောဝိညာဉ်တော်သည် မြေကြီးပေါ်တွင် ရှိမည်မဟုတ်ပါဟုလည်း ပြောကြပြန်ပါသည်။

ထိုမျှရှုပ်ထွေးလှသော သွန်သင်ခြင်းကို ပို၍ရှုပ်ထွေးစေရန်၊ ဒစ်စပင်ဆေးရှင်းဝါဒီအဟောင်းများက စကော့ဖီးအနက်ဖွင့်ကျမ်းစာ(Scofield Study Bible)မှနေ၍၊ ဂျူးတို့ကယ်တင်ခြင်းရပုံက တမျိုး၊ (ဂျူးမဟုတ်သူ)တပါးအမျိုးသားတို့ ကယ်တင်ခြင်းရပုံက နောက်တမျိုးဟု ထပ်သင်ကြပါသည်။ ဓမ္မဟောင်းကာလမှ ယုံကြည်သူတို့သည် ခရစ်တော်ကိုပုံဆောင်သော အသွေးသွန်းခြင်း ယဇ်ပူဇော်ခြင်းတို့ကို ယုံကြည်ခြင်းဖြင့်မဟုတ်ပါ၊ ပညတ်များကိုလိုက်နာခြင်းဖြင့်ဖြစ်သည်ဟု သင်ကြသည်။ ထိုအချက်ကို “ဟစ်စတိုးရစ်ပရီမီလေးနီးယမ်းဝါဒ”(historic premillennialism)တို့က ဆန့်ကျင်လျှက်၊ မှန်ကန်စွာ၊ ချီဆောင်သိမ်းစည်းခြင်းနှင့်ဒုတိယအကြိမ်ကြွလာခြင်းသည် နှစ်ကြိမ်မဟုတ်၊ တကြိမ်သာဖြစ်သည်ဟု သွန်သင်ကြပါသည်။ ထို့အပြင် ဟစ်စတိုးရစ်ပရီမီလေးနီယမ်းဝါဒက တိတ်တဆိတ်ချီဆောင်ခြင်း၊ အချိန်မရွေးဖြစ်နိုင်ခြင်းကိုလည်း ငြင်းပယ်ပါသည်။ ထို့အပြင် နောက်ဆုံးနေ့ရက်များတိုင်အောင် အသင်းတော်သည် ဘေးဒဏ်ကြီးကာလကို ဖြတ်သန်းသွားပါမည်ဟုလည်း အခိုင်အမာ သင်ကြပါသည်။ ဒစ်ပင်ဆေးရှင်းဝါဒကို ဆန့်ကျင်လျှက် ဟစ်စတိုးရစ်ပရီမီလေးနီးယမ်းဝါဒက အသင်းတော်သည် ခရစ်တော်၏နိုင်ငံတော်တွင် တစိတ်တပိုင်းပါဝင်သည်၊ နေရာရသည်ဟုလည်း သင်ကြပါသည်။ အသင်းတော်သည် သမိုင်းတွင်ကြားကာလညှပ်ထည့်သောအဖြစ်အပျက်လည်း မဟုတ်ပါဟု သင်ကြပါသည်။ နောက်ဆုံးအနေနှင့် ဟစ်စတိုးရစ်ပရီမီလေးနီးယမ်းဝါဒီတို့က စကော့ဖီးအနက်ဖွင့်ကျမ်းစာကပြောသလို၊ ခြားနားသော အချိန်ကာလများတွင် ခြားနားသောကယ်တင်ခြင်းရပုံရနည်းများ မရှိပါဟု ဆန့်ကျင်ကြပါသည်။ ထို့အပြင် စကောဖီးအနက်ဖွင့်ကျမ်းစာ၏ ရှူးကြောင်ကြောင်အတွေးဖြစ်သော နေရာတိုင်း၌ရှိနေတော်မူသည့် သန့်ရှင်းသောဝိညာဉ်တော်ကို နောက်ဆုံးသောကာလတွင် ကမ္ဘာပေါ်မှရုတ်သိမ်းမည်ဆိုသည်မျိုးကိုလည်း ငြင်းပယ်ကြပါသည်။

ဟစ်စတိုးရစ်ပရီမီလေးနီးယမ်းအဖွဲ့သည် အမှားမြောက်များစွာကို ကျော်ဖြတ်နိုင်ကြသော်လည်း လုံးလောက်အောင် မကျော်ဖြတ်ကြပါဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ထိုနှစ်အုပ်စုစလုံးသည် ကျမ်းစာနှင့်မကိုက်ညီကြပါဟု လာမည့်ခေါင်းစဉ်များတွင် ရှင်းပြသွားပါမည်။

### ပရီမီလေးနီးယမ်းဝါဒ၏အမှားများအကြောင်း(Premillennialism's Errors)

ပရီမီလေးနီးယမ်းဝါဒ၊ တခါတရံ “ခီလီအာဇင်မ်”(chiliasm)ဟုလည်းခေါ်ပါသည်၊ ဆိုသည်မှာ ခရစ်တော်၏ကိုယ်တိုင်ကိုယ်ကျ မြင်ရလျက် ပြန်လာခြင်းသည် နှစ်ပေါင်းတထောင်ကာလမတိုင်မှီ၊ ကမ္ဘာကြီး၏အဆုံးသတ်တွင် ပြန်လာမည်ဟု သွန်သင်သောဝါဒဖြစ်ပါသည်။ ၎င်းဝါဒက ကမ္ဘာပေါ်တွင် အယူလွဲခြင်းများ ပို၍များလာမည်၊ ဆိုးညစ်ခြင်းများ ပို၍များလာမည်၊ နောက်ဆုံးတွင် အန္တိခရစ်ကိုထုတ်လုပ်သည်အထိဖြစ်လာမည်ဟုပြောပါသည်။ ထိုအချိန်ရောက်သောအခါ၊ မဿဲ ၂၄း၂၁ ကပြောသော ကြီးသောဘေးဒဏ်ကြီးကာလစတင်မည်ဟု ပြောပါသည်။ ထို အန္တိခရစ်အုပ်စိုးသောကာလ၊ ဘေးဒဏ်ကြီးကာလသည် ခရစ်တော်၏ပြန်လာခြင်းဖြင့်အဆုံးသတ်မည်ဟု ပြောကြသည်။ ခရစ်တော်ပြန်လာသောအခါ၊ သူက လူသေတို့ကို ရှင်ပြန်ထမြောက်စေမည်၊ ထိုအချိန်အသက်ရှင်နေသေးသူတို့ကို ကိုယ်ခန္ဓာများအား ပြောင်းလဲသွားစေမည်၊ သူတို့ကို တရားစီရင်မည်၊ မြေကြီးပေါ်မှ ကျိန်ခြင်းကို ဖယ်ရှားမည်၊ ဂျေရုစလင်မြို့တွင် နိုင်ငံတော်ကိုတည်ထောင်မည်၊ ထိုနိုင်ငံတော်သည် နှစ်တထောင်ရှည်ကြာမည်ဟု သင်ကြပါသည်။

ပရီမီလေးနီးယမ်းဝါဒီတို့က ထိုနိုင်ငံသည် ဂျူးအမြောက်အများပြောင်းလဲခြင်း၏ရလဒ်ဖြစ်မည်ဟု ပြောကြပါသည်၊ ထိုဂျူးတို့ကို သူတို့၏ကိုယ်ပိုင်မြေတွင် ပြန်လည်ထားရှိမည်ဟု ပြောကြပါသည်။ ဂျူးတို့နှင့်အတူ၊ တပါးအမျိုးသားခရစ်ယာန်တို့ပေါင်းစည်းလျက် ခရစ်တော်၏နိုင်ငံတော်ဖြစ်လာမည်၊ ဗဟိုဌာနသည် ဂျေရုစလင်မြို့တွင်ဖြစ်မည်၊ ဂျူးလူမျိုးတို့ ပို၍ဦးစားပေးခံရမည်ဟု သင်ကြပါသည်။ ထိုနိုင်ငံတော်၏လက္ခဏာများမှာ ဖြောင့်မတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ မြေကြီးပေါ်တွင် ကြီးပွားချမ်းသာခြင်းတို့ဖြစ်မည်၊ နှစ်ပေါင်းတထောင်တိတိကြာမည်ဟု သင်ကြပါသည်။ ထိုနှစ်တထောင် ခရစ်တော်မြေကြီးပေါ်တွင်အုပ်စိုးခြင်းချိန် ကုန်းဆုံးသော်၊ ကျန်နေသည့်လူသေများ ထမြောက်ကြမည်၊ နောက်ဆုံးသောတရားစီရင်ခြင်း ပြုလုပ်မည်၊ ကောင်းကင်သစ်မြေကြီးသစ်ကို ဖန်ဆင်းမည်ဟု သင်ပေးကြပါသည်။

ပရီမီလေးနီးယမ်းဝါဒီတို့၏ အချို့သောယုံကြည်ခြင်းများသည် အတော်ဆန်းပြားပါသည်။ ဥပမာတခုမှာ၊ နှစ်တထောင်ကာလတွင် အချို့သောနိုင်ငံတော်သားတို့သည် ထမြောက်ပြီး ဘုန်းကျက်သရေပြည့်ကိုယ်ခန္ဓာနှင့်ဖြစ်ကြမည်၊ သို့သော် နောက်တချို့မှာ ရိုးရိုးကိုယ်ခန္ဓာများနှင့်သာဖြစ် ကြမည်ဟုပြောကြခြင်းဖြစ်သည်။ ထိုသို့ပြောခြင်းသည် ၁ကော ၁၅း၅၀ နှင့်တိုက်ရိုက်ဆန့်ကျင်နေပါသည်။ နောက်တခုမှာ၊ ထိုနှစ်တထောင်နိုင်ငံတော်သည် ကျိန်ခြင်းအားလုံးဖယ်ရှားပြီးမြေကမ္ဘာပေါ်တွင်ဖြစ်မည်ဟု ပြောနေကြလျက်၊ အပြစ်မှနေ၍ လုံးလုံးလျားလျား လွတ်မြောက်ခြင်းမရှိသေး၊ ထို့ကြောင့် အပြစ်၊ ဖျားနာခြင်းနှင့် သေခြင်းတို့ ရှိနေသေးသည်ဟု ပြောကြခြင်းဖြစ်သည်။ ထိုမြေကြီးပေါ်တွင် သေခြင်းမှထမြောက်ပြီးသန့်ရှင်းသူ(ခရစ်ယာန်)တို့က အပြစ်နှင့်သေခြင်းတို့အောက်တွင် ရှိနေကြသေးသူများနှင့် ရောနှောနေထိုင်ကြရဦးမည်ဟု ပြောနေကြခြင်းသည် အတော်ကိုးယိုးကားယားနိုင်ပါသည်။

ထိုထက်ပိုဆိုးသော အမှားများ ရှိနေပါသေးသည်၊ ထို့ကြောင့် ကျွန်တော်တို့ငြင်းပယ်ရသောအချက်များရှိပါသည်၊–

ပထမ၊ ကျမ်းစာက ပရီမီလေးနီးယမ်းဝါဒီတို့သင်သော ခရစ်တော်လာချိန် နှစ်တထောင်စမည်ဆိုသည်ကို ငြင်းဆိုခြင်းဖြစ်သည်၊ ကျမ်းစာက ခရစ်တော်ပြန်လာသောအခါ ဤကမ္ဘာကြီး၏အဆုံးသတ်ရောက်မည်ဟုသာသင်ပါသည် (၁ကော ၁၅း၂၃–၂၄)၊ ခရစ်တော်ပြန်လာသည်နှင့် နှစ်တထောင်မစပါ၊ ကောင်းကင်သစ်နှင့်မြေကြီးသစ် ဖန်ဆင်းမည်ဟု ကျမ်းစာက သေချာသင်ပေးပါသည် (၂ပေ ၃း၉–၁၀)။ ခရစ်တော်ပြန်လာလျှင် တချို့သာ သေခြင်းမှထမြောက်ကြမည်မဟုတ်ပါ၊ အားလုံးထမြောက်မည်ဟု သင်ပါသည် (ဗျာ ၂၀း၁၂–၁၃)၊ ထိုနောက် နောက်ဆုံးသောတရားစီရင်ခြင်းစမည်ဟု သင်ပါသည် (မဿဲ ၂၄း၃၇–၄၁၊ လုကာ ၁၇း၂၈–၃၇၊ ယုဒ ၆၊ ၇၊ ၁၄၊ ၁၅)။

ဒုတိယ၊ ကျမ်းစာက တရားစီရင်ခြင်းနှင့်ထမြောက်ခြင်း တခုမကရှိမည်ဟု သင်မပေးပါ (ယော ၅း၂၅–၂၉)၊ ထို့အတူ နှစ်တထောင်အရင်စမည် ပြီးမှကမ္ဘာကြီးအဆုံးသတ်မည်၊ ထမြောက်ခြင်းရှိမည်၊ တရားစီရင်မည်ဟု သင်မပေးပါ (ယော ၆း၃၉–၄၀၊ ၄၄–၄၅၊ ၁၁း၂၄၊ ၁ကော ၁၅း၅၁–၅၂)။ ၁ကော ၁၅း၅၂ က “နောက်ဆုံး”ဟု အထူးပြုဖေါ်ပြသည်ကို သတိပြုရပါမည်။

တတိယ၊ ကျမ်းစာက မြေကြီးပေါ်တွင်ရှိသောနိုင်ငံတော်ဟု သင်မပေးပါ၊ ထိုမှဆန့်ကျင်စွာ နိုင်ငံတော်သည် ကောင်းကင်ဘုံနှင့်သာဆိုင်သည်(heavenly)ဟု သင်ပေးပါသည် (ယော ၁၈း၃၆၊ ဟေဗြဲ ၁၂း၂၂–၂၃)။

စတုတ္ထ၊ ကျမ်းစာက ခရစ်တော်၏နိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်မည်၊ နှစ်တထောင်လေးသာမဟုတ်ဟု သင်ပေးပါသည် (ဒံယေလ ၄း၃၄၊ ၇း၂၇၊ ၂ပေ ၁း၁၁)။

ပဥ္စမ၊ ကျမ်းစာက ဂျူးများသာလျှင် အာဗြဟံ၏ အသွေးအသားနှင့်ဆိုင်သော ဆွေမျိုးဆက်များဟု သင်မပေးပါ၊ ထိုမှဆန့်ကျင်စွာ ဂျူးနှင့်တပါးအမျိုးသားများသည် တူညီစွာပင် စစ်မှန်သောဂျူးများဖြစ်ကြသည်၊ ဘုရားသခင်၏အစ္စရေးများဖြစ်ကြသည်ဟု သင်ပေးပါသည် (ရောမ ၂း၂၈–၂၉၊ ဂလာတိ ၃း၂၉၊ ဖိလိ ၃း၃)။ အစ္စရေး(ဣသရေလ)သည် အသင်းတော်ဖြစ်သည်၊ အသင်းတော်သည် အစ္စရေး(ဣသရေလ)ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သည် အသင်းတော်ဖြစ်သလို၊ အသင်းတော်သည် နိုင်ငံတော်ဖြစ်ပါသည်။

ထိုအချက်များကြောင့် ကျွန်တော်တို့ ပရီမီလေးနီးယန်းဝါဒကို ငြင်းပယ်ကြပါသည်။

## ဒစ်စပင်ဆေးရှင်းဝါဒ၏အမှားများအကြောင်း (Dispensationalism's Errors)

ဒစ်စပင်ဆေးရှင်းဝါဒကို တချိန်က “ဒါဘီဝါဒ”(Darbyism)ဟုခေါ်ခဲ့ကြပါသည်။ ဂျွန်နယ်လ်ဆင်ဒါဘီ(၁၈၀၀ – ၁၈၈၂) ဆိုသူကို အဆွဲပြု၍ခေါ်ခြင်းဖြစ်သည်၊ ထိုသူသည် ဒစ်စပင်ဆေးရှင်းဝါဒနှင့်ညီအကိုများအသင်းတော်ဝါဒ(brethrenism = ဘရာသရင်ဝါဒ၊ မြန်မာပြည်တွင် ၈ မိုင်လမ်းစုံတွင်ရှိပါမည်)တို့ကို စတင်သူဖြစ်သည်။ ထိုဝါဒသည် နှစ်ပေါင်းတထောင်အယူဝါဒနှင့်ပတ်

သက်၍ အဆိုးဝါးဆုံးအမှားကို သင်ကြားသူဖြစ်သည်။ ထိုဝါဒသည် နှစ်ပေါင်းတထောင်နှင့်အနာဂတ်ကိစ္စတို့အတွက်သာ မှားယွင်းစွာ သင်သည်မဟုတ်ပါ၊ အစမှအဆုံး မှားယွင်းနေသော သီဩလော်ဂျီစနစ်တခုလည်းဖြစ်ပါသည်။

ဒစ်ပင်ဆေးရှင်းဝါဒဆိုသည့်အမည်သည် ထိုသီအိုရီက သမိုင်းကို အပိုင်းအပိုင်းပိုင်း၍လေ့လာဖို့ကြိုးစားခြင်းကြောင့် ထွက်လာသောအမည်ဖြစ်ပါသည် (အင်္ဂလိပ်ဘာသာစကားအရ၊ ဒစ်ပင်ဆေးရှင်းဆိုသည်မှာ၊ အပိုင်းလိုက် ပိုင်းခြားခွဲဝေပေးခြင်းဟု အဓိပ္ပါယ်ရပါသည်)။ ထိုသို့ဖြင့် ဘုရားသခင်သည် သတ်မှတ်သောအချိန်အပိုင်းအခြားတခုတွင် လူသားတို့နှင့်ပဋိညာဉ်ကိုပြုတော်မူသည်၊ သို့သော် လူသားဖက်မှ မလိုက်နာနိုင်ခြင်းဖြင့် ထိုကာလအပိုင်းအခြားသည် အဆုံးသတ်တတ်သည်ဟုသင်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ဒါဘီ၏ ဂန္ထဝင်ဒစ်စပင်ဆေးရှင်းဝါဒအရ ကျွန်တော်တို့သည် “အသင်းတော်ခေတ်”ထဲရောက်နေကြသည်၊ (သို့) “ကျေးဇူးတော်ခေတ်အပိုင်းအခြား”ဟုလည်းပြောနိုင်ပါမည်။ နောက်ရောက်ဖို့ တခေတ်သာကျန်တော့သည်၊ နိုင်ငံတော်ခေတ်ဖြစ်သည်ဟု ဒါဘီက သင်ပေးပါသည်။

ဒစ်စပင်ဆေးရှင်းဝါဒ၏ အမှားများထဲမှတချို့ကို ကျွန်တော်တို့ကြည့်ခဲ့ကြပြီးဖြစ်သည်၊ ၄င်းတို့မှာ တိတ်တဆိတ်၊ နှစ်တထောင်မတိုင်မှီ၊ ဘေးဒဏ်ကြီးကာလမရောက်မှီ ချီဆောင်သိမ်းစည်းခြင်း၊ ခရစ်တော် အကြိမ်မြောက်များစွာပြန်လာခြင်းတို့ဖြစ်ကြသည်။

ထို့နောက် ဒစ်စပင်ဆေးရှင်းဝါဒက ရှင်ပြန်ထမြောက်ခြင်းအကြိမ်များစွာရှိမည်၊ တရားစီရင်ခြင်းလည်း အကြိမ်များစွာရှိမည်ဟု မှားမှားယွင်းယွင်းသင်ပေးသည်ကိုလည်း ကြည့်ခဲ့ကြပြီ။ ထို့အပြင် ဗျာဒိတ်(၂၀)ကိုလည်း အရှိအရှိအတိုင်းအနက်ဖွင့်ရမည်ဟုမှားယွင်းစွာသင်ပေးခြင်းကိုလည်း ကြည့်ခဲ့ကြပြီ။

ယခုတွင် ဒစ်စပင်ဆေးရှင်းဝါဒ၏ ကျမ်းစာကိုမှားယွင်းစွာအသုံးချသည့်အကြောင်းများကို ဆက်ကြည့်ပါမည်၊–

ပထမ၊ ဒစ်စပင်ဆေးရှင်ဒဝါဒသည် ကျမ်းစာကို မှားယွင်းသောနည်းစနစ်ဖြင့် အနက်ဖွင့်သည်။ ထိုနည်းစနစ်၏ရလဒ်မှာ၊ ဓမ္မဟောင်းကျမ်းစာအားလုံးနှင့်အချို့သောဓမ္မသစ်ကျမ်းစာတို့သည် ဂျူးတို့နှင့်သာဆိုင်သည်၊ ခရစ်ယာန်အသင်းတော်နှင့် လုံးဝမဆိုင်ဟု နိဂုံးချုပ်ခြင်းဖြစ်သည်။ ခရစ်ယာန်တို့အတွက် ဓမ္မဟောင်းကျမ်းစာတို့သည် စပ်စုရန်အတွက်သာကောင်းသည်ဟု ယူဆခြင်းဖြစ်သည်။ ဥပမာ၊ စကောဖီးလ်အနက်ဖွင့်ကျမ်းစာက တောင်ပေါ်ဒေသနာသည် ဂျူးတို့အတွက်သာဖြစ်သည်၊ ခရစ်ယာန်တို့အတွက်မဟုတ်ဟုပြောသည်။ သို့သော် ၄င်းတို့၏သွန်သင်ချက်ကို ဆန့်ကျင်လျှက် ကျမ်းစာကပြောသည်မှာ ကျမ်းစာတခုလုံးသည် ခရစ် ယာန်တို့အတွက် အကျိုးရှိလှပါသည်ဟုပြောနေပါသည်(ယော ၁၀း၃၅၊ ၂တိ ၃း၁၆–၁၇)။ ထိုအမှန်တရားကို ဒစ်စပင်ဆေးရှင်းဝါဒ က ငြင်းဆိုသဖြင့်၊ သူ့ကိုယ်သူ ကျမ်းစာအားမှန်ကန်စွာပိုင်းခြားခြင်းဟုခေါ်နေသော်လည်း၊ ကျမ်းစာကိုမှားယွင်းစွာပိုင်းခြားသူဟု အ ခေါ်ခံနေရပါသည်။

ဒုတိယ၊ ဒစ်စပင်ဆေးရှင်းဝါဒက အစွန်းရောက်အရှိအတိုင်းအနက်ဖွင့်ခြင်းကို ကျင့်သုံးနေမှုဖြစ်သည်။ ထို့ကြောင့် ၄င်းတို့ကို ပညာရှင်တဦးက၊ ဖါရိရှဲတို့၏အရှိအတိုင်းအနက်ဖွင့်မှုကို ကျင့်သုံးသူများဟု ခေါ်ဆိုပါသည်။ ဖါရိရှဲတို့သည် ခရစ်တော်ကို ဝိညာဉ်ရေးရာရှင်ဘုရင်အဖြစ် မမြင်နိုင်ကြ၊ ထို့ကြောင့် ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ် ရိုက်သတ်ခဲ့ကြသည်၊ ဒစ်စပင်ဆေးရှင်းဝါဒီတို့သည်လည်း ထိုသို့ပင်ဖြစ်ကြသည်။ ကျမ်းစာကို အစွန်းရောက်အရှိအရှိတိုင်းသာ အနက်ဖွင့်ရမည်ဟုပြောခြင်းသည် မှားယွင်းပါသည်၊ ထို့အတူ မလိုအပ်ဘဲ ကျမ်းစာကို ဝိညာဉ်ရေးရာအဓိပ္ပါယ်သာ ရှိကြသည်ဟုပြောခြင်းသည်လည်း မှားပါသည် (၁ကော ၂း၁၂–၁၅)။ ကျမ်းစာ၏အချို့သောကျမ်းပိုဒ် အတော်များများသည် မိမိတို့ဘာသာ ဝိညာဉ်ရေးရာအဓိပ္ပါယ်ရှိသည်ဟု ပြောနေကြပါသည်၊ ဥပမာ ၁ပေ ၂း၅–၉၊ ဟေဗြဲဩဝါဒစာ တအုပ်လုံး။ ကျမ်းစာကို ဂရုစိုက်စွာ၊ တည်ငြိမ်စွာတွေးတောလျှက် အနက်ဖွင့် ရလို အပ်ပါသည်၊ ထိုအခါ ကျမ်းစာထဲတွင် အရှိအရှိအတိုင်း အနက်ဖွင့်၍မရသော ကျမ်းပိုဒ်များရှိကြောင်း တွေ့လာရပါသည်၊ ဥပမာ ဗျာဒိတ်ကျမ်း ၂း၁၇ တွင်ပြောပြသော “ကျောက်ဖြူလက်ဖွဲ့” ဆိုသည့်မျိုးဖြစ်သည်။

ဒစ်စပင်ဆေးရှင်းဝါဒ၏ ကျမ်းစာကို ဝိညာဉ်ရေးအမြင်ဖြင့် မမြင်ရဟု ငြင်းပယ်နေခြင်းက၊ ၄င်းဝါဒကို ခရစ်တော်၏နိုင်ငံတော်သည် ဝိညာဉ်ရေးရာနိုင်ငံတော်၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်သောနိုင်ငံတော်ဖြစ်သည်ဆိုသည့်အမှန်တရားအား ငြင်းဆိုခြင်းသို့ ခေါ်ဆောင်သွားပါတော့သည်။ ထို့ကြောင့် ဒစ်စပင်ဆေးရှင်းဝါဒ၏အမှားများအားလုံးသည်၊ ၄င်း၏ ကျမ်းစာအပေါ်ထားရှိသည့် မှားယွင်းသောအမြင်အပေါ် အခြေခံနေပါသည်။

(Doctrine according to godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++

သုတ္တံ ၁၄း၁–၃၅ (ကျိန်းဘုရင်မူ)

၁ – ပညာရှိသောအမျိုးသမီးတိုင်းက မိမိအိမ်ကို တည်ဆောက်ကြပါသည်၊ သို့သော် မိုက်မဲသောအမျိုးသမီးကမူ သူမ၏လက်များဖြင့် ဖြိုဖျက်ပါသည်။

၂ – မိမိ၏ဖြောင့်မှန်ခြင်း၌ လျှောက်လှမ်းသူသည် ဘုရားသခင်ကို ကြောက်ရွံ့ပါသည်၊ သို့သော် မိမိ၏လမ်းတို့တွင် လမ်းလွဲသူကမူ ဘုရားသခင်ကို အထင်သေးပါသည်။

၃ – မိုက်မဲသူ၏နှုတ်တွင် မာနတုတ်ချောင်းရှိသည်၊ သို့သော် ပညာရှိသူ၏နှုတ်ခမ်းတို့က သူတို့ကို ကာကွယ်စောင့်ရှောက်လိမ့်မည်။

၄ – နွားထီးမရှိသောနေရာတွင် အစာခွက်သည် သန့်ရှင်းနေသည်၊ သို့သော် နွားထီး၏ခွန်အားဖြင့် များစွာသောတိုးတက်ခြင်း ရောက်လာပါသည်။

၅ – သစ္စာရှိသောသက်သေခံက လိမ်မည်မဟုတ်၊ သို့သော် မှားယွင်းသောသက်သေခံကမူ အလိမ်အညာတို့ကို ရေရွတ်လိမ့်မည်။
၆ – ဘုရားသခင်အား အထင်အမြင်သေးသူက ပညာကို ရှာဖွေသည်၊ ထို့နောက် ရှာ၍မတွေ့၊ သို့သော် အသိပညာသည် နားလည်သောသူအတွက်မူ လွယ်ကူလှပါသည်။
၇ – အသိပညာနှုတ်ခမ်းတို့ကို သင် သူ့ထံတွင်မတွေ့သောအခါ၊ ထိုလူမိုက်ရှေ့မှ ထွက်သွားပါ။
၈ – ပညာရှိသူ၏ ဉာဏ်ပညာသည် သူ၏လမ်းခရီးကို နားလည်ရန်ဖြစ်သည်၊ သို့သော် မိုက်မဲသူ၏မိုက်မဲခြင်းတို့မှာ လိမ်ညာခြင်းဖြစ်သည်။
၉ – မိုက်မဲသူတို့က အပြစ်ကို သရော်တတ်ကြပါသည်၊ သို့သော် ဖြောင့်မတ်သူတို့အကြားတွင်မူ မျက်နှာသာပေးခြင်းရှိပါသည်။
၁၀ – နှလုံးသားက မိမိ၏ကိုယ်ပိုင်ခါးသီးခြင်းကို သိပါသည်၊ သူစိမ်းသည်လည်း သူ၏ပျော်ရွှင်းခြင်းကို ပါဝင်မဆက်ဆံရပါ။
၁၁ – ဆိုးညစ်သူ၏အိမ်သည် မှောက်လှန်ခြင်းခံရလိမ့်မည်၊ သို့သော် ဖြောင့်မှန်သူ၏တဲအိမ်မှာမူ ရှင်သန်နေလိမ့်မည်။
၁၂ – လူတဦးအတွက် မှန်သကဲ့သို့ရှိသော လမ်းတခု ရှိနေပါသည်၊ သို့သော် ၎င်း၏အဆုံးသတ်တို့သည် သေခြင်း၏လမ်းတို့ဖြစ်ပါသည်။
၁၃ – ရယ်မောနေစဉ်ပင် နှလုံးသားသည် ဝမ်းနည်းနေပါသည်၊ ပျော်ရွှင်ရယ်မောခြင်း၏အဆုံးသတ်သည်လည်း လေးလံထိုင်းမှိုင်းခြင်းဖြစ်သည်။
၁၄ – နှလုံးသား၌ နောက်ပြန်လှည့်သူသည် သူ၏လမ်းတို့ဖြင့် ဝရလိမ့်မည်၊ ကောင်းသောသူသည်လည်း မိမိကိုယ်ကိုဖြင့် ကျေနပ်ရလိမ့်မည်။
၁၅ – ရိုးစင်းသူသည် စကားလုံးတိုင်းကို ယုံတတ်သည်၊ သို့သော် ပညာရှိကမူ မိမိ၏သွားလာခြင်းကို ကောင်းစွာကြည့်ရှုပါသည်။
၁၆ – ပညာရှိသူသည် ကြောက်ရွံ့ရှိသေသည်၊ ထို့နောက် ဆိုးညစ်ခြင်းကို ရှောင်ခွာသည်၊ သို့သော် လူမိုက်မှာမူ ဒေါသပုန်ထတတ်သည်၊ စိတ်ချယုံကြည်မှုလည်းရှိသည်။
၁၇ – ခဏလေးနှင့်စိတ်တိုသူသည် မိုက်မဲစွာ ကိုင်တွယ်သူဖြစ်သည်၊ ဆိုးယုတ်သောအကြံအစည်တို့ကိုပြုလုပ်သူသည် အမုန်းခံရမည်။
၁၈ – ရိုးစင်းသူသည် မိုက်မဲခြင်းကို အမွေရသည်၊ သို့သော် ပညာရှိသူမှာမူ အသိပညာနှင့်သရဖူဆောင်းရသည်။
၁၉ – ဆိုးယုတ်သူသည် ကောင်းမြတ်သူရှေ့ ဦးညွှတ်ရသည်၊ ဆိုးညစ်သူသည် ဖြောင့်မတ်သူ၏အိမ်တံခါးတို့၌နေရသည်။
၂၀ – ဆင်းရဲသူသည် မိမိအိမ်နီးချင်း၏အမုန်းပင်ခံရပါသည်၊ သို့သော် ချမ်းသာသူထံ၌မူ သူငယ်ချင်းများရှိပါသည်။
၂၁ – မိမိအိမ်နီးချင်းကို အထင်သေးသူသည် အပြစ်ပြုသူဖြစ်သည်၊ သို့သော် ဆင်းရဲသူကို ဂရုဏာထားသူသည် ပျော်ရွှင်ရမည်။
၂၂ – ဆိုးညစ်ခြင်းကို ကြံစည်သူတို့သည် မှားယွင်းတတ်ကြသည်မဟုတ်လော? သို့သော် ကောင်းမြတ်ခြင်းကို ကြံစည်ကြသူတို့ထံသို့မူ ဂရုဏာနှင့်အမှန်တရားတို့ ရောက်လာကြလိမ့်မည်။
၂၃ – ကြိုးစားရုန်းကန်မှုအားလုံးတွင် အကျိုးအမြတ်ရှိနေပါသည်၊ သို့သော် နှုတ်ခမ်းတို့ဖြင့် ပြောနေခြင်းတို့၌မူ ပြင်းထန်သောဆင်းရဲခြင်းသို့သာ ရောက်ပါမည်။
၂၄ – ပညာရှိတို့၏ သရဖူသည် ၎င်းတို့၏ချမ်းသာခြင်းများဖြစ်ကြသည်၊ သို့သော် မိုက်မဲသူတို့၏မိုက်မဲခြင်းသည် မိုက်မဲမှုသာ ဖြစ်ပါသည်။
၂၅ – မှန်သောသက်သေခံက ဝိညာဉ်တို့ကို ကယ်နှုတ်ပါသည်၊ သို့သော် လှည့်ဖြားသောသက်သေခံကမူ လိမ်ညာခြင်းများကို ပြောပါသည်။
၂၆ – ဘုရားသခင်အား ကြောက်ရွံ့ရိုသေခြင်းတွင် သန်မာသောယုံကြည်စိတ်ချရမှုရှိပါသည်၊ ထိုသူ၏သားသမီးတို့ကလည်း ခိုလှုံစရာနေရာကို ရကြလိမ့်မည်။
၂၇ – ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်းသည် အသက်၏စမ်းရေပေါက်ဖြစ်သည်၊ သေခြင်း၏ကျော့ကွင်းတို့မှာ သွေဖည်ရာလည်းဖြစ်သည်။
၂၈ – များပြားသောလူအုပ်ကြီးတွင် ရှင်ဘုရင်၏ဂုဏ်ကျက်သရေရှိသည်၊ သို့သော် လူထုကြီး၏လိုအပ်မှုတွင် မင်းသား၏ပျက်ဆီးခြင်း ရှိပါသည်။
၂၉ – အမျက်ထွက်ဖို့နှေးသူသည် ကြီးသောနားလည်ခြင်းရှိသူဖြစ်သည်၊ သို့သော် အလောတကြီးဖြစ်မှုဝိညာဉ်ရှိသူကမူ မိုက်မဲခြင်းကို ချီးမြှောက်သူဖြစ်သည်။
၃၀ – မှန်သောနှလုံးသားသည် အသွေးအသားအတွက် အသက်ဖြစ်သည်၊ သို့သော် မနာလိုခြင်းက အရိုးတို့ကို ပုတ်သိုးဆွေးမြေ့စေပါသည်။
၃၁ – ဆင်းရဲသားကို ဖိနှိပ်သူသည် သူ၏ဖန်ဆင်းရှင်ကို သိက္ခာချသူဖြစ်သည်၊ သို့သော် ဘုရားသခင်ကို ရိုသေလေးစားသူသည် ဆင်းရဲသားအပေါ် ဂရုဏာရှိပါသည်။
၃၂ – ဆိုးယုတ်သူသည် သူ၏ဆိုးယုတ်ခြင်းဖြင့် အဝေးသို့ဆောင်သွားခြင်းခံရသည်၊ သို့သော် ဖြောင့်မတ်သူမှာမူ သေချိန်၌ပင် မျှော်လင့်ချက်ရှိသည်။
၃၃ – ဉာဏ်ပညာသည် နားလည်ခြင်းရှိသူ၏နှလုံးသားတွင် နားပါသည်၊ သို့သော် လူမိုက်တို့အလည်၌ရှိနေသူသည် သိသာလာမည်ဖြစ်သည်။

၃၄ – ဖြောင့်မတ်ခြင်းက နိုင်ငံကို မြင့်တင်သည်၊ သို့သော် အပြစ်ကမူ မည်သူ့ထံမဆို သိက္ခာကျခြင်းကို ဖြစ်စေသည်။
၃၅ – ရှင်ဘုရင်၏မျက်နှာသာပေးခြင်းသည် ပညာရှိသောအစေခံထံသို့ဖြစ်သည်၊ သို့သော် သူ၏အမျက်ဒေါသမှာမူ အရှက်ကွဲစေသူထံ ဖြစ်ပါသည်။

××××××××××××××××××××××

ဖိလိပ္ပိ ၂း၁–၃၀ (ဂျိန်းဘုရင်မူ)
၁ – ထို့ကြောင့် အကယ်၍ ခရစ်တော်၌ဖြေသိမ့်စရာ တစုံတခု ရှိသည်ဆိုလျှင်၊ ချစ်ခြင်း၏နှစ်သိမ့်စရာ တစုံတခု ရှိသည်ဆိုလျှင်၊ ဝိညာဉ်တော်၏မိတ်သဟာယဖွဲ့ခြင်း တစုံတရာ ရှိသည်ဆိုလျှင်၊ အကယ်၍ သနားကျင်နာခြင်းတစုံတရာ ရှိသည်ဆိုပါလျှင်၊
၂ – သင်တို့ ငါ့ဝမ်းမြောက်ခြင်းကို ပြည့်စုံစေကြပါ၊ ထိုသို့ဖြင့် သင်တို့သည် စိတ်သဘောညီညွတ်နိုင်ကြပါမည်၊ တူသောချစ်ခြင်းကို ထားရှိကြပါမည်၊ သဘောထားတခုတည်း၊ တစိတ်တဝမ်းတည်း ဖြစ်နိုင်ကြပါမည်။
၃ – မည်သည့်အရာကိုမျှ ရန်တွေ့လိုသောစိတ် (သို့) အချည်းနှီးသော ထင်ပေါ်ကျော်ကြားခြင်းအတွက် မလုပ်ကြနှင့်၊ သို့သော် စိတ်နှိမ့်ချခြင်းဖြင့် မိမိတို့ကိုယ်ကိုထက် တဦးကိုတဦးလေးစားကြပါ။
၄ – အယောက်တိုင်းက မိမိ၏အကြောင်းအရာတို့ကိုသာ မကြည့်ကြနှင့်၊ သို့သော် အခြားသူများ၏အကြောင်းအရာများကိုလည်း အယောက်တိုင်းက ကြည့်ရှုကြပါ။
၅ – ခရစ်တော်ယေရှု၌လည်း ရှိနေသော ထိုစိတ်သည် သင်တို့ထဲ၌ရှိနေပါစေ၊
၆ – သူသည် ဘုရားသခင်၏ပုံစံထဲ၌ရှိနေသော်လည်း၊ ဘုရားသခင်နှင့်တူညီသောအဖြစ်မှ လုယူခံရသည်ဟုမထင်မှတ်ဘဲ၊
၇ – မိမိကိုယ်ကို ဂုဏ်သရေမရှိသောအဖြစ်သို့ပြုလုပ်ပါသည်၊ ထို့နောက် အစေခံကျွန်၏ပုံစံကို မိမိကိုယ်ကိုအပေါ်သို့ ယူဆောင်ခဲ့ပါသည်၊ ထိုနောက် လူသားတို့နှင့်တူညီသောပုံစံသို့ ပြုလုပ်ခြင်းကို ခံခဲ့ပါသည်၊
၈ – ထို့နောက် လူ၏ပုံစံကဲ့သို့ တွေ့ရလျှက်၊ သူသည် မိမိကိုယ်ကို နှိမ့်ချခဲ့ပါသည်၊ သေသည့်တိုင်အောင် နာခံခဲ့ပါသည်၊ လက်ဝါးကပ်တိုင်ပေါ်သေခြင်းကိုပင် ဖြစ်ပါသည်။
၉ – ထို့ကြောင့် ဘုရားသခင်ကလည်း သူ့ကို မြင့်မားစွာချီးမြှောက်ခဲ့ပါသည်၊ နာမည်အားလုံးတို့ထက် မြင့်မားသောအမည်တခုကို သူ့ထံ ပေးအပ်ခဲ့ပါသည်၊
၁၀ – ထိုသို့ဖြင့် ယေရှု၏အမည်၌ ဒူးရှိသမျှထောက်ကြရမည်၊ ကောင်းကင်၌ရှိသောအရာများ၊ မြေကြီးပေါ်၌ရှိသောအရာများ၊ မြေကြီးအောက်၌ရှိသော အရာများအားလုံးဖြစ်ကြသည်၊
၁၁ – ထို့နောက် လျှာတိုင်းကလည်း ယေရှုခရစ်သည် သခင်ဖြစ်သည်ဟု ဝန်ခံကြရပါမည်၊ ခမည်းတော်ဘုရားသခင်၏ ဘုန်းတော်အတွက်ဖြစ်သည်။
၁၂ – ထို့ကြောင့်၊ ငါချစ်ရသောသူတို့၊ သင်တို့သည် အမြဲတမ်း နာခံကြသလို၊ ငါ့ရှေ့မှောက်၌သာမဟုတ်၊ ငါမရှိချိန်တွင် ပို၍ပင် နာခံကြပါ၊ သင်တို့၏ကယ်တင်ခြင်းကို ကြောက်ရွံ့ရှိသေလျှက်၊ တုန်လှုပ်လျှက် ထုတ်လုပ်ကြပါ။
၁၃ – အဘယ့်ကြောင့်ဆိုသော် သင်တို့အထဲ၌ သူ၏ကောင်းသောဆန္ဒကို အလိုရှိရန်၊ လုပ်ဆောင်ရန်၊ နှစ်ခုစလုံးကို လုပ်ပေးသူသည် ဘုရားသခင်ဖြစ်ပါသည်။
၁၄ – အရာအားလုံးကို ညည်းတွားခြင်းများ၊ ငြင်းခုံခြင်းများ မပြုဘဲ လုပ်ကြပါ၊
၁၅ – ထိုသို့ဖြင့် သင်တို့သည် အပြစ်တင်ခွင့်မရှိသော၊ သူတပါးအတွက် အန္တရယ်မဖြစ်သော ဘုရားသခင်၏သားများဖြစ်ကြပါမည်၊ ကွေ့ကောက်သော၊ လမ်းလွဲနေသောမျိုးဆက်ထဲတွင် သင်တို့သည် အပြစ်တင်ခွင့်မရှိကြဘဲဖြစ်ကြပါမည်၊ ဤကမ္ဘာကြီးအလည်တွင် သင်တို့သည် အလင်းအများကဲ့သို့ လင်းလက်နေကြပါမည်၊
၁၆ – အသက်ရှင်ခြင်းနှုတ်ကပတ်တော်ကို ကိုင်ဆွဲကြပါ၊ ထိုသို့ဖြင့် ငါသည် ခရစ်တော်၏နေ့တွင် ဝမ်းမြောက်နိုင်ပါမည်၊ ငါသည် အချည်းနှီးပြေးခဲ့ခြင်းမဟုတ်၊ ထို့အတူ အချည်းနှီးကြိုးစားလုပ်ကိုင်ခဲ့ခြင်းလည်းမဟုတ်ကြောင်း သိမည်ဖြစ်သည်။
၁၇ – မှန်သည်၊ အကယ်၍ ငါ့ကို သင်တို့၏ယုံကြည်ခြင်းအား ကူညီထောက်မရန်အတွက် ယဇ်ပူဇော်သည့်နေရာအပေါ်သို့ ပူဇော်လျှင်လည်း ငါသည် ဝမ်းမြောက်နေပါမည်၊ သင်တို့အားလုံးနှင့်အတူ ဝမ်းမြောက်နေပါမည်။
၁၈ – အဘယ့်ကြောင့်ဆိုသော် ထိုသို့သောတူညီသောအကြောင်းအရာအတွက် သင်တို့လည်း ဝမ်းမြောက်ကြ၍ဖြစ်သည်၊ ငါနှင့်အတူ ဝမ်းမြောက်ကြ၍ဖြစ်ပါသည်။
၁၉ – သို့သော် သင်တို့ထံ မကြာမီ တိမောသေကို စေလွှတ်နိုင်မည်ဟု ငါ သခင်ယေရှုအားဖြင့် ယုံကြည်စိတ်ချပါသည်၊ ထိုသို့ဖြင့် သင်တို့အခြေအနေကို ငါသိသောအခါ ကောင်းသောနှစ်သိမ့်မှုကို ရမည်ဖြစ်သည်။
၂၀ – အဘယ့်ကြောင့်ဆိုသော် သူကဲ့သို့ ပင်ကိုအားဖြင့်ပင် သင်တို့အခြေအနေကို ဂရုစိုက်သောသူ စိတ်သဘောတူညီသောသူ ငါ့ထံ၌ မရှိသောကြောင့်ဖြစ်ပါသည်။
၂၁ – အဘယ့်ကြောင့်ဆိုသော် အားလုံးက မိမိတို့အတွက်သာ ရှာဖွေကြပါသည်၊ ယေရှုခရစ်တော်၏အကြောင်းအရာများကို မရှာဖွေကြ၍ဖြစ်သည်။
၂၂ – သို့သော် သင်တို့ သူ၏သက်သေကို သိကြပြီးဖြစ်ပါသည်၊ ဖခင်နှင့်အတူရှိသောသားကဲ့သို့၊ သူသည် ငါနှင့်အတူ ဧဝံဂေလိတရား၌ အမှုဆောင်ရွက်သူဖြစ်သည်။

၂၃ – ထို့ကြောင့် ငါ သူ့ကို မကြာမီလွှတ်လိုက်မည်ဟု မျှော်လင့်ပါသည်၊ ငါ၏အခြေအနေ မည်သို့ဖြစ်မည်ကို သိလျှင်သိချင်း ငါလွှတ်လိုက်ပါမည်။
၂၄ – သို့သော် ငါကိုယ်တိုင်ပင် သင်တို့ထံ မကြာမီ လာနိုင်မည်ဟု သခင်ဘုရား၌ ယုံကြည်စိတ်ချနေပါသည်။
၂၅ – သို့သော်လည်း ငါ၏ညီအကို၊ ကြိုးစားလုပ်ကိုင်ဖော် လုပ်ကိုင်ဖက်၊ သင်တို့၏အတွက်မူ တမန်၊ ငါ့လိုအပ်ချက်များကို ကူညီစောင်မသူ အိပါဖရောဒိုင်းဒပ်စ်ကို သင်တို့ထံစေလွှတ်ဖို့ လိုအပ်သည်ဟု ငါတွေးမိပါသည်။
၂၆ – အဘယ့်ကြောင့်ဆိုသော် သူသည် သင်တို့ကို လွမ်းနေပါသည်၊ စိတ်လည်းလေးလံနေပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် ဖျားနာနေခဲ့သည်ကို သင်တို့ကြားကြမည်ဖြစ်သည်။
၂၇ – အဘယ့်ကြောင့်ဆိုသော် သူသည် သေကောင်ပေါင်းလဲဖျားနာခဲ့ပါသည်၊ သို့သော် ဘုရားသခင်က သူ့ကို သနားတော်မူသည်၊ သူ့ကိုသာမဟုတ်ပါ၊ ငါကိုလည်းဖြစ်သည်၊ မဟုတ်ပါက ငါ့အပေါ် ဝမ်းနည်းရခြင်း တခုပြီးတခု ထပ်နေမည်ဖြစ်သည်။
၂၈ – ထို့ကြောင့် ငါသည် သူ့ကို ပို၍ဂရုစိုက်စွာ စေလွှတ်ပါသည်၊ ထိုသို့ဖြင့် သင်တို့ သူ့ကိုတွေ့သောအခါ၊ ဝမ်းမြောက်နိုင်ကြမည်၊ ထိုသို့ဖြင့် ငါ၏ဝမ်းနည်းရခြင်းသည်လည်း လျော့ပါးမည်ဖြစ်သည်။
၂၉ – ထို့ကြောင့် အားလုံးသောဝမ်းသာခြင်းဖြင့် သခင်ဘုရား၌ သူ့ကို လက်ခံကြပါ၊ ရိုသေလေးစားကြပါ၊
၃၀ – အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၏အလုပ်ကြောင့် သူသည် သေခြင်းနှင့်အလွန်နီးခဲ့သူဖြစ်သည်၊ သင်တို့ ငါ့ထံသို့ပြုရမည့် အမှုဆောင်ခြင်းကို ဖြည့်စည်းသည့်အခါ၊ သူသည် သူ့အသက်ကိုပင် ဂရုမစိုက်ပါ။

++++++++++++++++++++++++++

## သခင်ဘုရား၏နေ့ (၁၅)

၃၇။ "သူသည် ဒုက္ခခံစားတော်မူ၏"ဆိုသည့်စကားလုံးများကို သင်မည်သို့နားလည်ပါသနည်း?

သခင်ခရစ်တော် ဤကမ္ဘာပေါ်တွင်နေစဉ်ကာလပတ်လုံး အထူးသဖြင့် သူ့ဘဝ၏နောက်ဆုံးအချိန်များ၌၊ လူသားတရပ်လုံး၏ အပြစ်များအပေါ် ဆန့်ကျင်ထားရှိသည့် ဘုရားသခင်၏အမျက်ဒေါသကို မိမိ၏ခန္ဓာနှင့်ဝိညာဉ်၌ခံစားခဲ့သည်။ အမျက်ပြေစေမည့် တခုတည်းသောယဇ်ပူဇော်ခြင်းအနေနှင့် သူ၏ဝေဒနာခံစားခြင်းများဖြင့် ကျွန်ုပ်တို့၏ခန္ဓာနှင့်ဝိညာဉ်ကို ထာဝရပျက်ဆီးခြင်းမှ ကယ်တင်တော်မူသည်။ ဘုရားသခင်၏မျက်နှာသာပေးခြင်း၊ ဖြောင့်မတ်ခြင်းနှင့် ထာဝရအသက်တို့ကို ရရှိစေပါသည်။
(၁ပေ ၂း၂၄၊ ဟေရှာ ၅၃း၁၂၊ ၁ယော ၂း၂၊ ရော ၃း၂၅)

၃၈။ တရားစီရင်သူပိလတ်မင်းလက်ထက်၌ အဘယ်ကြောင့် သူသည် ထိုသို့ခံစားခဲ့ပါသနည်း?

သူသည် အပြစ်ကင်းစင်သော်လည်း လောကီတရားသူကြီး၏ အပြစ်ပေးမှုခံရခြင်းဖြင့်၊ ကျွန်ုပ်တို့ခံရမည့် ဘုရားသခင်၏ ပြင်းထန်သော အပြစ်စီရင်မှုမှ ကျွန်ုပ်တို့အား လွတ်စေရန်ဖြစ်သည်။ (လု ၂၃း၁၄၊ ယော ၁၉း၄၊ ဆာလံ ၆၉း၄၊ ဂလာ ၃း၁၃–၁၄)

၃၉။ လက်ဝါးကပ်တိုင်၌အသေခံခြင်းအပေါ် အခြားပေါ်ပြစရာရှိနေပါသေးသလား၊ အကယ်၍ အခြားသေခြင်းဖြင့် သေခဲ့ပါက မည်သို့နည်း?

ရှိပါသေးသည်။ အဘယ်ကြောင့်ဆိုသော ထိုသို့သောသေခြင်းဖြင့်သာ ကျွန်ုပ်အပေါ်၌ထားရှိသည့် ကျိန်ခြင်းကို သူက ယူဆောင်ခဲ့ပြီဟု ကျွန်ုပ် စိတ်ချနိုင်ပါမည်။ အဘယ်ကြောင့်ဆိုသော် လက်ဝါးကပ်တိုင်၌သေခြင်းသည် ဘုရားသခင်၏အကျိန်ခံရခြင်း ဖြစ်ပါသည်။ (တရား ၂၁း၂၃၊ ဂလာ ၃း၁၃)

××××××××××××××××××××××××××××××××××××××

## သုံးပါးတဆူဘုရားသခင်ပြောသည့်ပေါ်မြူလာဖြင့်
## အလုပ်ကိုချစ်မြတ်နိုးသော ခရစ်ယာန်တို့၏ကိုယ်ကျင့်တရားတည်ဆောက်ပုံ

ဆဋ္ဌမပညတ်တော် – သင်သည် မခိုးရ။

➢ ခိုးဝှက်ခြင်းဆိုတာကို အဘိဓါန်တွေမှာ၊ သူတပါး၏ပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ၊ အရှင်မသိဘဲ ယူခြင်းလို့ ရှင်းပြကြပါတယ်။ ဒါပေမဲ့ ခရစ်ယာန်အတွက်ကတော့ ဒီ့ထက်ပိုပါတယ်။ ဘာလို့လဲဆိုတော့၊ အချိန်ဖြုန်းခြင်းဟာလည်း ခိုးခြင်းတမျိုးဖြစ်လို့ပါဘဲ၊ လူအများက ဒါကိုမတွက်မိကြပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အချိန်ဟာ သူတို့ကိုယ်ပိုင်လို့ ထင်နေကြလို့ပါ။ မဟုတ်ပါဘူး အချိန်ကို ကျွန်တော်တို့မပိုင်ကြပါဘူး၊ တရက်အတွက်အချိန်ကို မပိုင်ကြသလို၊ တသက်တာအချိန်ကိုလည်း မပိုင်ကြပါဘူး။ ဘုရားသခင်ကသာ ပိုင်ပါတယ်။ ဒါ့ကြောင့် အချိန်ကိုဖြုန်းခြင်းဟာလည်း ခရစ်ယာန်အတွက်တော့ ခိုးခြင်းတမျိုးပါဘဲ။ ဒါ့ကြောင့် အချိန်ကို သေချာသုံးကြရအောင်။

ဘာဘဲဖြစ်ဖြစ် ခိုးခြင်းဟာ အမြဲတမ်းရှိနေပါတယ်။ ဒါ့ကြောင့် နိုင်ငံတိုင်းမှာ ဥပဒေပြဌာန်းပြီးခိုးခြင်းကို အရေးယူနေကြပါတယ်။ အပြစ် လူ့လောကထဲဝင်ကထဲကနေ၊ လူဟာ ခိုးလာတာ ဒီနေ့ထိပါဘဲ။ ဒါ့ကြောင့် တချို့ဘာသာရေးတွေက ခိုးတဲ့လက်ကို ဖြတ်တဲ့အထိ မတော်မသင့်စွာ အရေးယူကြပါတယ်။ ဘာလို့လဲဆိုတော့ ခိုးတဲ့လူလည်း အပြစ်သား၊ စီရင်သူလည်းအပြစ်သားဖြစ်တော့ မမျှမတတွေဖြစ်လာကြတာပေါ့။ ခရစ်ယာန်ကျမ်းစာမှာကတော့၊ ကမ္ဘာဦးကျမ်းကနေ၊ ဗျာဒိတ်ကျမ်းအထိ၊ ခိုးတာကို တားမြစ်ပေမဲ့၊ အဲဒီလို လက်ဖြတ်ဒါမျိုး၊ မမျှမတအရေးယူဖို့ ပြောမထားပါဘူး။

ဒီနေ့ကမ္ဘာကြီးပေါ်မှာလည်း လိမ်ညာခြင်းက နည်းမျိုးစုံသထက်စုံလာနေပါတယ်။ ကော်ပိုရေးရှင်းကြီးတွေနဲ့လိမ်ကြတာ၊ အဖွဲ့အစည်းတွေအနေနဲ့လိမ်ကြတာ၊ စက်ရုံအလုပ်ရုံတွေနဲ့လိမ်ကြတာ။ နောက်ဆုံး အင်တာနက်ကနေလိမ်ကြတာ ရေတွက်လို့ကို မကုန်နိုင်ပါဘူး။ လူ့သမိုင်းရှည်လာတာနဲ့အမျှ လိမ်ညာပုံတွေက ပိုပြီးများလာသလို၊ စုံလာသလို၊ ရှုပ်ထွေးလာပါတယ်။ လိမ်ညာခြင်း

နဲ့ခိုးခြင်းဟာအတော်လေး နီးစပ်နေပါတယ်။

မီးဒီယာဖျော်ဖြေမှုတွေမှာလည်း အစစ်အမှန်တွေထက်၊ လိမ်ညာမှု၊ အမှန်ကိုဖုံးဖိမှု၊ ကိုယ်လိုသလိုဆွဲယူတင်ပြမှုတွေနဲ့ လိမ်ညာကြပါတယ်။ အကယ်ဒမီရတဲ့ မင်းသားမင်းသမီးတွေဆိုရင် လိမ်တာအတော်ဆုံးသူတွေသာ ရကြတာဖြစ်ပါတယ်။ သရုပ်ဆောင်တယ်ဆိုတာ၊ ကိုယ်မဟုတ်သူနေရာမှာ အဲဒီလူပုံစံတူအောင် လိမ်ရတာကိုး။ ဒါ့ကြောင့် ရုပ်ရှင်ကြိုက်တဲ့ကမ္ဘာကြီးမှာ လိမ်ညာခြင်းကအမြဲတမ်းရှင်သန်နေမှာပါဘဲ။ လိမ်ညာခြင်းရှင်သန်နေရင် အဲဒါနဲ့အိမ်နီးချင်းဖြစ်တဲ့ ခိုးဝှက်ခြင်းဟာလည်း နည်းမျိုးစုံနဲ့ဆက်ရှိနေမှာပါဘဲ။

## ခိုးခြင်းကိုခရစ်ယာန်တို့မြင်ပုံ

ခရစ်ယာန်ကတော့ ခိုးခြင်းကို ကျမ်းစာကနေမြင်ပါတယ်။ ကျမ်းစာမှ ဘုရားသခင်က ဘာလို့ခိုးကြရတာလည်း လို့ပြောပြပါတယ်။ ပထမအနေနဲ့ ခိုးရခြင်းဟာ ဝတ်လို့ဖြစ်ပါတယ်။ ဆင်းရဲလို့ပေါ့ဗျာ၊ ဆင်းရဲတော့ စားစရာမရှိဘူး၊ စားစရာမရှိတော့ ခိုးရတာပေါ့။ ဒါကို သုတ္တံကျမ်းမှာပြောပြပါတယ်။

သုတ္တံ ၃၀း၉ "သုိ႔မဟုတ္၊ အကၽြန္ုပ္သည္႔ ကယ္႐ွ၀၍၊ ထာ၀ရဘုရားကား အဘယ္သူနည္းဟုဆုိလ်က္၊ ကုိယ္ေတာ္ကုိ ျငင္းပယ္မည္ကို စုိးရိမ္စရာ ႐ွိသည္ျဖစ္၍။ သုိ႔မဟုတ္၊ ဆင္းရဲ၍ သူ႔ဥစၥာကုိခုိးသျဖင့္၊ အကၽြန္ုပ္၏ဘုရားသခင္၏နာမေတာ္ကို မုသာဇသင့္ဆုိင္၍ ႐ႈတ္ခ်မည္ကို စုိးရိမ္စရာ႐ွိသည္ျဖစ္၍။"

ဒီကျမ်းပိုဒ်မှာ ဆင်းရဲလို့ ခိုးရတဲ့အဖြစ်ကို ပြောပြပါတယ်။ ဒါ့ကြောင့် ခရစ်ယာန်ဟာ သူခိုးတိုင်းကို မရက်စက်ပါဘူး။ ဘာ့ကြောင့်ခိုးရတာလည်းဆိုတာ စမ်းစစ်ပါတယ်။ နောက်တနေရာမှာလည်း အခုလိုပြောပြန်ပါတယ်။

သုတ္တံ ၆း၃၀ "တစုံတဦးသည် မိမိ၏ဆာလောင်နေသောဝိညာဉ်ကို ကျေနပ်စေရန် ခိုးလျှင်၊ ထိုသူကို လူတို့က အပြစ်မတင်ကြပါ၊" လူဟာ ထွင်းမစားလို့မဖြစ်ပါဘူး။ ဒီတော့ မစားရရင် ခိုးတော့မှာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာဆိုရင် အလုပ်လည်းအင်မတန်ရှားပါတယ်။ အလုပ်ရပြန်ရင်လည်း စားလောက်အောင် ဝင်ငွေမရပါဘူး ဒီတော့ လူတယောက်ဟာ ဆာလောင်ပါတယ်၊ ဆာလောင်ရင် အားကုန်ပါတယ်၊ အားကုန်ရင် အလုပ်ရရင်တောင် မလုပ်နိုင်တော့ပါဘူး။ ဒါ့ကြောင့် ခိုးရတာတွေ များလာတာဖြစ်တယ်။ ဒီတော့ ခရစ်ယာန်က ခိုးခြင်းကိုထောက်ခံပါသလား? အဲဒီလိုတော့မဟုတ်ပါဘူး။ သုတ္တံ ၆း၃၀က ဆာလို့ခိုးတာကို ဘာမှမပြောပေမဲ့၊ ငယ် ၃၁ မှာတော့ ဒီလိုဆက်ပြောပါတယ် "သို့သော် သူသည် အမိခံရလျှင်၊ ခုနှစ်ဆပြန်ပေးရမည်၊ သူ့အိမ်၌ရှိရှိသမျှကို ပေးရလိမ့်မည်။" ဒီတော့ ခရစ်ယာန်ဟာ ခိုးခြင်းကိုတော့ မထောက်ခံဘူး။ ဒါပေမဲ့ တချို့သောခိုးခြင်းတွေဟာ မဖြစ်သင့်ပေမဲ့ ဖြစ်နေပါတယ်လို့ အဖြစ်မှန်ကိုပြောပြနေတာဖြစ်တယ်။

## ခိုးခြင်းပျောက်ရန်အဖြေ

ကျမ်းစာကခိုးဝှက်ခြင်းအတွက် ခရစ်ယာန်တွေထံမှာ အဖြေကိုပေးထားပါတယ်။ အဲဒါကို ဧဖက်သြဝါဒစာ ၄း၂၈ မှာတွေ့ရပါတယ်။ "ခိုးသောသူသည် နောက် မခိုးတော့နှင့်၊ သို့သော် ၄င်းသည် အလုပ်လုပ်ပါစေ၊ ကောင်းသည်ဆိုသောအရာကို သူ၏လက်တို့နှင့် လုပ်ကိုင်ပါစေ၊ ထိုသို့ဖြင့် သူသည် လိုအပ်သူတို့ကို ပေးကမ်းနိုင်ပါမည်။" ဒီကျမ်းပိုဒ်က ဘာတွေကိုပြောပါသလဲ?

က။ ခရစ်ယာန်ဟာ ခိုးခဲ့သူဖြစ်ဘူးရင်လည်း ဘုရားသခင်ထံမှနောင်တရပြောင်းလဲရင် အပြစ်ခွင့်လွှတ်ခြင်းရနိုင်ပါတယ်။ သူခိုးဟာ တသက်လုံးသူခိုး၊ ဆွေစဉ်မျိုးဆက် သူခိုးမျိုးနွယ် မဖြစ်ပါဘူးဆိုတဲ့ အံ့သြစရာ တိုးတက်ဖို့မျှော်လင့်ခြင်းကို ခရစ်တော်က ပေးနေတာဘဲ ဖြစ်တယ်။

ခ။ သူခိုးကိုထောင်ချပစ်၊ လက်ဖြတ်ပစ်၊ မခိုးရဲတော့အောင် အသေရိုက်ပစ်၊ စတဲ့အဖျက်သဘောတွေနဲ့ပြုပြင်လို့မရပါဘူး။ သူ့ကို အလုပ်လုပ်ခွင့်ပြန်ပေးရမှာဖြစ်ပါတယ်။ မခိုးနဲ့တော့ အလုပ်လုပ်ပါ၊ ဘုရားသခင်က ကောင်းတယ်လို့ပြောသောအလုပ်ကို ဘာအလုပ်မဆိုမရှက်ဘဲ၊ မပျင်းဘဲလုပ်ပါလို့ပြောနေတာဖြစ်တယ်။ အဲဒီအလုပ်ကို ပညတ်တော်(၁၀)ပါးနဲ့ရွေးချယ်ရမှာဖြစ်တယ်။ သက်သာများများရဆိုတာနဲ့ရွေးချယ်ရင် မကောင်းတဲ့အလုပ်ဘဲပြန်ဖြစ်သွားမှာဖြစ်တယ်။ ဒီနေ့ လူအများစုက အလုပ်တော့ လုပ်ချင်တယ်၊ ဒါပေမဲ့ ပင်ပန်းတဲ့အလုပ်ဆိုရင် မလုပ်ချင်ကြဘူး။ မပင်မပန်း ငွေများများရ ဆိုတဲ့အလုပ်ဘဲလုပ်ချင်ကြတယ်။ အဲဒီလို အလုပ်တွေက ကျမ်းစာနဲ့မညီတဲ့အလုပ်တွေဖြစ်တတ်ကြပါတယ်။ ဒါမျိုးကို ခရစ်ယာန်ကမလုပ်ပါဘူး။ ခရစ်ယာန်ကတော့ ဘုရားသခင်က ကောင်းတယ်ဆိုတဲ့အလုပ်တွေထဲကနေ၊ တနင်္ဂနွေနေ့ဘုရားကျောင်းတက်မပျက်ဘဲ၊ အများဆုံးဝင်ငွေရနိုင်တာကို ရှာပါတယ်။

ဂ။ အဲဒီလိုလုပ်ရင် သူများကို ပေးကမ်းနိုင်မယ်ဆိုတော့၊ ဘုရားသခင်က ရိုးသားစွာလုပ်ချင်သူတွေ၊ ကြိုးစားဇွဲရှိစွာလုပ်ကိုင်သူတွေ၊ ဘုရားသခင်ကြိုက်တဲ့အလုပ်ဘဲလုပ်မယ်လို့ ဆုံးဖြတ်သူတွေ၊ အလုပ်လုပ်ကြတဲ့အခါမှာ ကြီးပွားတိုးတက်ခိုင်းမယ်လို့ ကတိပေးနေတာဖြစ်ပါတယ်။ သူများကိုပေးဖို့ဆိုရင် ပထမ ကိုယ်ကိုတိုင်လုံလောက်ဖို့လိုပါတယ်၊ ဒုတိယ အပိုဆုနိုင်လောက်အောင် တိုးတက်စရာလိုပါတယ်။

ဃ။ ချမ်းသာလာတဲ့အခါ အသင်းတော်အတွက်ချမ်းသာပါလို့ပြောတာဖြစ်တယ်။ ဒီနေ့ လူအများကြီး ချမ်းသာကြပါတယ်။ ဒါပေမဲ့ အသင်းတော်အတွက် မချမ်းသာချင်ကြတာဖြစ်တယ်။ ဒါ့ကြောင့် ခရစ်ယာန်ဟာ မခိုးဘဲ အလုပ်လုပ်ပြီး ချမ်းသာလာရင်လည်း အသင်းတော်အတွက် ချမ်းသာလာမှာဖြစ်တယ်လို့ပြောနေတာဖြစ်ပါတယ်။

နိဂုံးစကား

ဒါ့ကြောင့် ပညတ်တော်နံပတ်(၈)က မခိုးရလို့ပြောတဲ့အခါမှာ၊ မခိုးဘဲ ခရစ်ယာန်တွေနေနိုင်တယ်။ ဘယ်လိုနေရမှာလည်း ဆိုတာကို ရှင်းပြနေပါတယ်။ ဒါ့ကြောင့် ခရစ်ယာန်ဟာ ဆိုရှယ်လစ်၊ ကွန်မြူနစ်တွေနဲ့ မတူပါဘူး။ ပစ္စည်းပိုင်ဆိုင်ခွင့်ကို အပြည့်အဝ ပေးပါတယ်။ သူဌေးကို မနာလိုဖြစ်တဲ့ဘာသာရေးမဟုတ်ပါဘူး။ ချမ်းသာခြင်းဟာ အပြစ်မဟုတ်ပါဘူး။ ချမ်းသာဖို့အလုပ်လုပ်နေခြင်းကို ဘယ်တော့မှ လောဘဇောတိုက်နေတယ်လို့ခရစ်ယာန်က မပြောပါဘူး။

ခရစ်ယာန်ကို ဘုရားသခင်က ချမ်းသာခွင့်၊ ပစ္စည်းများစွာပိုင်ဆိုင်ခွင့်၊ ပိုင်ဆိုင်သောပစ္စည်းများကို ခံစားခွင့် အပြည့်အဝ ပေးပါတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေဟာ အကုသိုလ်ပစ္စည်းတွေမဟုတ်ကြပါဘူး။ ကောင်းသောပစ္စည်းများကို အသုံးပြုခြင်းဟာလည်း အပြစ်မဟုတ်ပါဘူး။ ကိုယ်ချင်းမစာခြင်း၊ အသင်းတော်က ဒုက္ခရောက်နေသူတွေကို မေ့နေခြင်းများကသာ မကောင်းတာဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည်ကို ဘုရားသခင်က ပြောင်းလည်းနေပါတယ်။ တနေ့ကျရင် ရိုးသားစွာ အလုပ်လုပ်ပြီး၊ ကြီးပွားလာနိုင်အချိန်ရောက်လာမှာဖြစ်တယ်။ အသင်းတော်အတွက် ဘုရားသခင်က အဲဒါကို ရောက်လာစေမျာဖြစ်တယ်။ ဆုတောင်းပြီးစောင့်ကြရမှာဖြစ်တယ်။ (ဆရာဆန်ကဲ)